## ကိုဗစ်-၁၉ သက်ရောက်မှုကြောင့်ထိခိုက်မှုရှိနေသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီအစည်းအဝေးက ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ကျပ် ၁၅ ဘီလီယံအား ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ ချေးငွေကို အောက်ပါအချက်များနှင့် အကျုံးဝင် ကိုက်ညီသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ် သတ်မှတ်၍ ချေးယူခွင့်ပြုသွားမည် ဖြစ်ပါသည် -

(က) အောက်ပါလုပ်ငန်းများက လျှောက်ထားနိုင်ပါသည် -

(၁) ရုပ်ရှင်/ ဗီဒီယို/ ရုပ်သံ/ အသံလွှင့် စသည်တို့ ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချီခြင်း၊ ပြသခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။

(၂) တေးဂီတဝိုင်းများ၊ ထုတ်လုပ်သူများ၊ ဖြန့်ချီသူများ။

(၃) ဇာတ်သဘင်၊ အငြိမ့် ဖျော်ဖြေမှုလုပ်ငန်းများ။

(၄) စာနယ်ဇင်း ပုံနှိပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။

(ခ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော အခြေအနေရှိသော လုပ်ငန်း ဖြစ်ရမည်။

(ဂ) ချေးငွေအား လုပ်ငန်း ဆက်လက် လည်ပတ်ရန်ကိစ္စအတွက်သာ အသုံးပြုမည့် လုပ်ငန်း ဖြစ်ရမည်။

(ဃ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်ရုံးက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်း ခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် ကုမ္ပဏီ မဖြစ်စေရ။ ကုမ္ပဏီမဟုတ်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရ ဌာန/အဖွဲ့အစည်းက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် စီးပွားရေးလုပ်ငန်း မဖြစ်စေရ။

(င) ဝင်ငွေခွန်/ ကုန်သွယ်လုပ်ငန်းခွန်/ အထူးကုန်စည်ခွန် ပေးဆောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း ဖြစ်ရမည်။

(စ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက ချေးငွေရယူသည့် လုပ်ငန်းပိုင်ရှင်မှ ချေးငွေအား ပြန်လည်ပေးဆပ်ရန် အာမခံချက်ပေးနိုင်ရမည်။

(ဆ) ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းဖြစ်ရမည်။

(ဇ) လက်ရှိ လည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည် သို့မဟုတ် ယာယီရပ်စဲထားသော လုပ်ငန်းဖြစ်လျှင် ချေးငွေရရှိပါက ချက်ချင်း ပြန်လည် စတင်နိုင်သည့် လုပ်ငန်းဖြစ်ရမည်။

(ဈ) ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့မတိုင်မီက သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်/လုပ်ငန်း လိုင်စင်ရထားပြီးဖြစ်သည့် လုပ်ငန်းဖြစ်ရမည်။

(ည) လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်ရမည်။

(ဋ) ဘဏ်တစ်ခုခုမှ ချေးငွေရယူထားပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျှက်ရှိသည့် လုပ်ငန်းများ၊ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကြောင့် ဘဏ် တစ်ခုခုက တရားစွဲဆိုခြင်းခံထားရသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများ မဖြစ်စေရ။

(ဌ) ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးသည့် ချေးငွေကို ယခင်က ရယူထားပြီးဖြစ်သည့် လုပ်ငန်းမဖြစ်စေရ။

၃။ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ချေးငွေရယူထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများ အနေဖြင့် ချေးငွေပေးဆပ်မှု ပျက်ကွက်ပါက Credit Bureau တွင် Negative List အဖြစ်ထည့်သွင်းခံရမည်ဖြစ်ပြီး ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ အသေးစားငွေရေး ကြေးရေးလုပ်ငန်းတို့မှချေးငွေရယူနိုင်ခြင်းမရှိစေရန်စီစဉ်သွားမည်။

၄။ ချေးငွေများကို သတ်မှတ်ထားသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အဆိုပြုလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရန်ဖော်ပြထားသည့် စာရွက်စာတမ်းအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၅။ လျှောက်လွှာများကိုအောက်ပါ ရုံး၊ ဌာနများတွင် ရယူနိုင်ပါသည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်မြို့။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။

(ဂ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများ။

၆။ လျှောက်လွှာများကိုအောက်ဖော်ပြပါ website များမှလည်းထုတ်ယူနိုင်ပါသည် -

(က) www.mifer.gov.mm။

(ခ) www.moi.gov.mm။

(ဂ) www.dica.gov.mm။

(ဃ) www.umfcci.com.mm။

၇။ လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့အတွင်း အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါနေရာများ၌ လက်ခံသွားမည် ဖြစ်ပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။

၈။ အွန်လိုင်းမှ လျှောက်ထားလိုသူများ အတွက် Website လိပ်စာကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မှ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

၉။ လျှောက်လွှာလက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ ထက်ကျော်လွန် တင်ပြလာသည့် လျှောက်လွှာများအား လက်ခံဆောင်ရွက်ခြင်း ပြုမည် မဟုတ်ပါ။

၁၀။ ချေးငွေလျှောက်ထားခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက အောက်ဖော်ပြပါ ရုံး၊ ဌာနနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။ ၀၉ - ၄၄၅ ၈၆၃ ၉၈၂
၀၉ - ၄၄၅ ၈၆၄ ၃၈၁

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။ ၀၁ - ၆၅၈၁၂၂
၀၁ - ၆၅၈၁၃၁

၁၁။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုရှိနေသည့် အပိုဒ် ၂ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းများအနေဖြင့် သတ်မှတ်ရက်အတွင်း ချေးငွေလျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

နောက်ဆက်တွဲ(က)

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**မြန်မာ့စီးပွားရေးဘဏ်**

# ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာ

နေ့စွဲ၊ ၂၀၂၁ ခုနှစ်၊ လ ရက်

၁။ ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်း၏ အခြေခံအချက်အလက်များ

(က) လျှောက်ထားသောကုမ္ပဏီ/လုပ်ငန်းအမည် - ------------------------------------------

(ခ) ကုမ္ပဏီ/လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ - ------------------------------------------

(ဂ) ကုမ္ပဏီ/လုပ်ငန်း၏လိပ်စာအပြည့်အစုံ - ------------------------------------------

------------------------------------------

(ဃ) လုပ်ငန်းအမျိုးအစား - ------------------------------------------

(င) လုပ်ငန်းသက်တမ်း - ------------------------------------------

(စ) မတည်ရင်းနှီးငွေပမာဏ - ------------------------------------------

(ဆ) လုပ်ငန်းလည်ပတ်ရင်းနှီးငွေပမာဏ - ------------------------------------------

၂။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုအခြေအနေ

(က) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းခန့်ထားသည့်ဝန်ထမ်းဦးရေ - ------------------------------------------

(ခ) လက်ရှိဝန်ထမ်းအရေအတွက် - ------------------------------------------

(ဂ) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းရရှိခဲ့သည့်ဝင်ငွေပမာဏ - ------------------------------------------

(ဃ) လက်ရှိရရှိနေသည့်ဝင်ငွေပမာဏနှင့် ရာခိုင်နှုန်း - ------------------------------------------

(င) လျော့ကျသွားသည့်ဝင်ငွေပမာဏနှင့်ရာခိုင်နှုန်း - ------------------------------------------

၃။ ချေးယူလိုသည့်ချေးငွေပမာဏနှင့် ချေးယူလိုသောသက်တမ်း (တစ်နှစ်ထက်မပိုရပါ) - ------------------------------------------

လက်မှတ် - ------------------------------------------

အမည် - ------------------------------------------

မှတ်ပုံတင်အမှတ်- ------------------------------------------

ရာထူး - ------------------------------------------

ဆက်သွယ်ရန် (ဖုန်း/အီးမေးလ်)- ------------------------------------------

# ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ

| စဉ် | အမျိုးအစား | မှတ်ချက် |
|---|---|---|
| **ကုမ္ပဏီဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | | |
| ၁။ | ကုမ္ပဏီမှတ်ပုံတင် လက်မှတ် | |
| ၂။ | အစုရှယ်ယာရှင်များစာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း | |
| ၃။ | ချေးငွေ ရယူရန်အတွက် အစည်းအဝေး ဆုံးဖြတ်ချက်/မှတ်တမ်း (မူရင်း) | |
| ၄။ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း | |
| ၅။ | ကုမ္ပဏီသမိုင်းကြောင်း မှတ်တမ်း | |
| ၆။ | ကိုဗစ်-၁၉ ချေးငွေ ရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၇။ | ချေးငွေ ပြန်လည်ပေးဆပ်မည့် အစီအစဉ် | |
| ၈။ | လုပ်ငန်းဓါတ်ပုံ | |
| ၉။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်)<br>လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၀။ | ဘဏ္ဍာရေးရှင်းတမ်း<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၁။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၁၂။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |
| **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | | |
| ၁။ | သက်တမ်းရှိ စည်ပင်လိုင်စင်/ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးသော လိုင်စင် | |
| ၂။ | လုပ်ငန်းသမိုင်းကြောင်း မှတ်တမ်း | |
| ၃။ | ကိုဗစ်-၁၉ ချေးငွေ ရရှိပါက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် | |
| ၄။ | ချေးငွေ ပြန်လည် ပေးဆပ်မည့် အစီအစဉ် | |
| ၅။ | လုပ်ငန်းဓါတ်ပုံ | |
| ၆။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ စည်ပင်ခွန်)<br>လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၇။ | ဘဏ္ဍာရေးရှင်းတမ်း (ဝင်ငွေ၊ ထွက်ငွေ၊ အသုံးစရိတ်များ)<br>* လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၈။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၉။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |